# ကုန်းဘောင်ခေတ်(၁၁၆၉–၁၁၉၇)
# ဇာတကပျို့များ၏အပြောက်အမွမ်း

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း


မတင်စန္ဒာမိုးမင်းလတ်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၆ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ပါရဂူဘွဲ့အတွက် တင်သွင်းသောကျမ်းအမည်မှာ “ ကုန်းဘောင်ခေတ် (၁၁၆၉ – ၁၁၉၇ ) ဇာတကပျို့ များ၏အပြောက်အမွမ်း” ဖြစ်ပါသည်။ ဤကျမ်းတွင် ကုန်းဘောင်ခေတ်လယ် (၁၁၆၉ – ၁၁၉၇ )တွင်ပေါ်ထွန်းခဲ့သော ပျို့ကဗျာများ၏အပြောက်အမွမ်းများကိုသာ လေ့လာတင်ပြပါမည်။

ကုန်းဘောင်ခေတ်လယ် (၁၁၆၉ – ၁၁၉၇ ) တွင်ပေါ်ထွန်းခဲ့သော ဇာတကပျို့စုစုပေါင်း (၉)စောင် ရှိပါသည်။ ထို(၉)စောင်ထဲမှ ငုံးမင်းပျို့(ပေမူ)တစ်စောင်ကို ယနေ့တိုင်မတွေ့ရသေးပါ။ ထို့ကြောင့် ငုံးမင်းပျို့ကို ချန်ထားရခြင်းဖြစ်ပါသည်။ တွေ့ရှိရသောပျို့(၈)စောင်တို့၏ အပြောက်အမွမ်းများကို လေ့လာတင်ပြထားပါသည်။ ဤကျမ်းတွင် အခန်း (၆)ခန်းခွဲထားပါသည်။ အခန်း(၁)တွင် ကုန်းဘောင်ခေတ်ဇာတကပျို့များအကြောင်း၊ အခန်း(၂)တွင် ဇာတကပျို့များကို ရေးဖွဲ့သော ပျို့စာဆိုတို့၏အတ္ထုပ္ပတ္တိ ၊အခန်း(၃)တွင် ဇာတ်လမ်းအပြောက်အမွမ်း၊ အခန်း(၄)တွင် ဇာတ်ဆောင်အပြောက်အမွမ်း ၊ အခန်း(၅)တွင် ကာလဒေသနောက်ခံအပြောက်အမွမ်း ၊ အခန်း(၆)တွင် ဗဟုသုတ အပြောက်အမွမ်းတို့ဖြစ်ပါသည်။

ပျို့စာဆိုတို့၏စေတနာ ၊ ပျို့များ၏အခန်းကဏ္ဍနှင့် ပျို့စာပေလမ်းကြောင်း ဖွံ့ဖြိုးတိုးတက်အောင် ပျို့စာဆိုတို့၏စွမ်းဆောင်မှုများကို မှတ်တမ်းတင်ရန်ရည်ရွယ်၍ အဆိုပါကျမ်းကို ကျွန်မ၏ ပါရဂူဘွဲ့ ကျမ်းအနေဖြင့် ရွေးချယ်လေ့လာတင်ပြခဲ့ခြင်း ဖြစ်ပါသည်။